# တရုတ်မယားအဖြစ် နှစ်ကြိမ်ရောင်းစားခံရပြီး ဖုန်းအစုတ်လေး တစ်လုံးကြောင့် ပြန်လွတ်လာသူ



ရုပ်အင်္ကျီအနီရောင် လက်ပြတ်ကို ဝတ်ဆင်ထားတဲ့ အသက် ၂၇ နှစ်အရွယ် မအေးအေးသက်မှာ ပါးပြင်ပေါ် စီးကျလာတဲ့ မျက်ရည်ကို တစ်သျှူးစတစ်ချို့ ယူပြီး သုတ်လိုက်ပါတယ်။ ပါးမှာ လိမ်းထားတဲ့ သနပ်ခါးတချို့က မျက်ရည်ကြောင့် တချို့နေရာတွေ ပျက်ကုန်ပါတယ်။

“အဲဒီအချိန်က ငရဲထဲကို ရောက်နေသလိုပဲ” လို့ သူမက ပြောပါတယ်။

ရန်ကုန်တိုင်း ထောက်ကြန့် မြို့နယ်မှာ နေထိုင်တဲ့ မအေးအေးသက်ဟာ အရင်တုန်းက အထည်ချုပ်စက် ရုံတစ်ရုံမှာ အလုပ်လုပ်ခဲ့ပါတယ်။

အထည်ချုပ်စက်ရုံမှာ သုံးနှစ်ကျော်လုပ်ကိုင်ခဲ့ပြီး တစ်လကို တစ်သိန်းကျော် ဝင်ငွေသောရှိတဲ့ သူမအတွက် ကံဆိုးမိုးမှောင်ကျစေမယ့် အဖြစ်အပျက်တစ်ခု နိဒါန်းပျိုး ရောက်ရှိလို့ လာပါပြီ။

အဲဒါကတော့ မအေးအေးသက်ရဲ့ လည်ပင်းမှာ အကျိတ်တစ်ခုဖြစ်လာခဲ့ပြီး ဆရာဝန်က ခွဲစိတ်ရမယ်ဆိုတဲ့ သတင်းစကား ဖြစ်ပါတယ်။ ဒါပေမဲ့ သူမအတွက် ကုသဖို့ အချိန်ရသေးတယ်ဆိုတဲ့ ဆရာဝန်ရဲ့ စကားကြောင့် ပိုက်ဆံရှာဖို့ကိုပဲ လုံးပန်းရတော့မှာ ဖြစ်ပါတယ်။

ယာဉ်နောက်လိုက်တစ်ဦးဖြစ်တဲ့ သူမရဲ့ ယောကျ်ားရဲ့ဝင်ငွေ၊ သုံးနှစ်အရွယ် မိန်းကလေး တစ်ဦးဖြစ်တဲ့ သူမရဲ့ကလေး အဲဒီအခြေအနေတွေကြောင့် ဆေးကုသ စရိတ်ကတော့ အလှမ်းဝေးနေဆဲပါပဲ။

မကောင်းတဲ့ သတင်းစကားတွေ ကြားနေရတဲ့အချိန်မှာ မအေးအေးသက်အတွက် အသက်ရှူကျပ် စေမယ့်သတင်းတစ်ခုကလည်း စောင့်ကြိုနေပါတယ်။ အဲဒါကတော့ ခွင့်ယူတာများတဲ့ အတွက်ကြောင့် သူလုပ်ကိုင်နေတဲ့ အထည်ချုပ်စက်ရုံကလည်း သူ့ကို အလုပ်ထုတ်ပစ်လိုက်တာပဲ ဖြစ်ပါတယ်။ အလုပ်လက်မဲ့ ဖြစ်သွားသူတစ်ဦးအတွက် ကတော့ သူ့မိသားစု စရိတ်မပြောနဲ့ သူ့ကျန်းမာရေး အတွက်တောင် ပိုအလုပ်မ်းဝေးသွားပြီ ဖြစ်ပါတယ်။

"အလုပ်လိုက်ရှာလို့ မရတာ သုံးလလောက် ဖြစ်သွားတယ်။ ဘယ်မှာမှလည်း ရှာလို့မရဘူး။ ယောက်ျားရဲ့ ဝင်ငွေကလည်း တစ်ရက် ကောင်း လိုက် မကောင်းလိုက်ဖြစ်နေတာ။ ဘယ်လိုမှ အဆင်မပြေဘူး" လို့ မအေးအေးသက်က ဆိုပါတယ်။

စီးပွားရေး အဆင်မပြေမှုတွေ များလာတဲ့အချိန်မှာ မအေးအေးသက်အတွက် အလုပ်တစ်ခုရရှိဖို့က အရေးကြီးတဲ့ အရာတစ်ခု ဖြစ်နေပါပြီ။ ဝင်ငွေရလာပြီဆိုရင် အရင်ဆုံးဖြေရှင်း ရမှာကတော့ မိသားစုစား ဝတ်နေရေးအတွက် ဖြစ်ပြီးတော့ ဒုတိယဖြေရှင်းရမယ့်အရာကတော့ သူ့ကျန်းမာရေးပဲ ဖြစ်ပါတယ်။ ဒါတွေ အကုန်လုံးကို အဆင်ပြေဖို့ဆိုတာက အလုပ်တစ်ခုရဖို့ပဲ ဖြစ်ပါတယ်။

"အိမ်မှာက စားအိုးလည်း ကြီးတယ်။ အဖေနဲ့အမေတို့ကလည်း အသက်ကြီး နေပြီလေ" လို့ မအေးအေးသက်က အားငယ်ဖျော့တော့စွာနဲ့ ပြောပြပါတယ်။

စီးပွားရေးအဆင်မပြေမှု၊ သုံးစွဲရမှာတွေ များလာတဲ့ မအေးအေးသက်အတွက် နိုင်လင်းဆိုတဲ့သူနဲ့ တွေ့ဆုံခဲ့ခြင်းက သူ့အတွက် ကောက်ရိုးမျှင်တစ်ခု ဖြစ်တယ် ဆိုတာကိုတော့ အဲဒီအချိန်တုန်းက မှတ်ယူထားပါတယ်။

အလုပ်လိုက်ရှာနေတဲ့ မအေးအေးသက်က နိုင်လင်းဆိုတဲ့သူနဲ့ တွေ့ဆုံချိန်မှာတော့ ရွှေလီမှာ အလုပ်ရမယ်။ တစ်လကို သုံးလေးသိန်း လောက်ရမယ် ဆိုတာကတော့ သူ့အတွက် အဲဒီအချိန်တုန်းက ရွှေတောင်ကြီး တစ်ခုလိုပါပဲ။

"ရွှေလီက ဟော့ပေါ့ဆိုင်မှာ သွားလုပ်ရမယ်။ တစ်လကို သုံးလေး သိန်း ရမယ် ဆိုတာက ကျွန်မအတွက် အဲဒီအချိန်တုန်းက ထီပေါက် သလိုပဲ" လို့ မအေးအေး သက်က ပြောပါတယ်။

နိုင်လင်းဆိုတဲ့သူရဲ့ ပြောကြားချက်တွေနဲ့ မအေးအေးသက်က ဒီအလုပ်ကို လက်ခံလိုက်ပါတယ်။ အဲဒီအတွက် နိုင်လင်းက ကျပ်ငွေ တစ်သိန်းခွဲပေးပါတယ်။ အဲဒီ တစ်သိန်းခွဲကို လောလောဆယ် အိမ်ကိုပေးလိုက်ပြီးတော့ တရုတ်ပြည်ကို လိုက်သွားခဲ့ပါတယ်။

ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးဝင်းကနေ နိုင်လင်းဆိုတဲ့သူနဲ့ ထွက်လာပြီး တော့ မူဆယ်ကို သွားခဲ့တယ်။ မူဆယ်က တစ်ဆင့် တရုတ်ပြည် ရွှေလီမြို့ကို ဆက်သွားရပါတယ်။ မူဆယ်ကို ရောက်တဲ့အချိန်မှာ မအေးအေးသက် အတွက် အဝတ်အစားတွေ ဝယ်ပေးတယ်။ အဲဒီအချိန်အထိ သူ့အတွက်က စိတ်ပူစရာ အဖြစ်တွေ မရောက်လာ သေးပါဘူး။

ရွှေလီမြို့ကို ရောက်တဲ့ အခါမှာတော့ မြင့်မြင့်လို့ခေါ်တဲ့ မြန်မာ အမျိုးသမီး တစ်ဦးက သူတို့ကို လာကြိုပါတယ်။ အလုပ်လုပ်ရမယ့်နေရာက ရွှေလီမြို့ထဲမှာ မဟုတ်တဲ့ အတွက်ကြောင့် ကားထပ်စီးရမယ်လို့ မြင့်မြင့်က ပြောပြီးတော့ ယောကျ်ားလေးတစ်စီး မိန်းကလေး တစ်စီးစီးရမယ်လို့ မြင့်မြင့်က ပြောပါတယ်။

အဲဒါကြောင့် နိုင်လင်းက တစ်စီး မအေးအေးသက်က တစ်စီး စီးရပါတယ်။ ရွှေလီမြို့ကနေ တစ်ရက် ခန့်ကြာအောင် ကားစီးရပြီးတော့ မအေးအေးသက်ကို အိမ်တစ်အိမ်မှာ ထားပါတယ်။ ဒါပေမဲ့ နိုင်လင်းကို မတွေ့လို့မေးတဲ့ အချိန်မှာတော့ နိုင်လင်းက ဆေးမှုနဲ့ အဖမ်းခံထားရတယ်ဆိုပြီး မြင့်မြင့်က ပြောပါတယ်။

“ နိုင်လင်းက ဆေးမှုနဲ့ တရုတ်ထောင်ထဲရောက်နေပြီ။ အလုပ်က အစ်မဆီမှာ လုပ်ရမှာဆိုပြီး သူ (မြင့်မြင့်) ကပြောတော့ ကျွန်မလည်း ဒီအတိုင်းပဲ နေလိုက် တာပေါ့” လို့ မအေးအေးသက်က ပြောပါတယ်။

နှစ်ရက်ခန့် အကြာမှာတော့ တရုတ်အမျိုးသား သုံးလေးယောက် သူနေတဲ့ အိမ်ကို ရောက်လာပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြင့်မြင့်နဲ့ စကားပြောတာတွေကို တွေ့ရတယ်။ သူတို့ ဘာပြောသလဲ ဆိုတာကိုတော့ တရုတ်စာမတတ်တဲ့ မအေးအေးသက် အတွက် နားမလည်ပါဘူး။ သူ့စိတ်ထဲမှာရှိတာကတော့ ဟော့ပေါ့ ဆိုင်ကိုသွားပြီး ဘယ်တော့အလုပ် လုပ်ရမလဲဆိုတာကိုပဲ တွေးနေ မိပါတော့တယ်။

လေး ငါးရက်အကြာမှာတော့ မြင့်မြင့်က အလုပ်လုပ်ရမယ်ဆိုပြီး တရုတ် အမျိုးသားနဲ့ ထည့်ပေးလိုက်ပါတယ်။

"အဲဒီတရုတ်အမျိုးသားက ခေါ်သွားတယ်။ ဟိုကျတော့ ဆိုင်မဟုတ်ဘူး။ အိမ်ဖြစ်နေတော့ အရောင်းစားခံရတယ်ဆိုတာကို သိတယ်" လို့ မအေးအေး သက်က ပြောပါတယ်။

အရောင်းစားခံရပြီလို့ သိတဲ့အချိန်မှာ သူ့ကို ကူညီကယ်ဆယ်ဖို့ ဘယ်သူမှ မရှိပါဘူး။ နေထိုင်တဲ့နေရာကလည်း တရုတ်ပြည်က လောရန်ဆိုတဲ့ မြို့လေး တစ်မြို့ ဖြစ်ပါတယ်။

"နေ့တိုင်းပဲ ငိုတယ်။ ကျွန်မအတွက်က ဘာသာစကားအခက်အခဲရှိတယ်။ အစားအသောက်လည်း ခက်တယ်။ အဲဒါတွေအဆင်ပြေပြီး ကျန်ခဲ့တဲ့ မိသားစုကို

သတိရတယ်။ ထွက်ပြေးဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဘယ်လိုမှ မရဘူး” လို့ မအေးအေးသက်က ပြောပါတယ်။

အဲဒီ တရုတ်အမျိုးသားအိမ်ကတော့ အဓိကလုပ်တဲ့ စီးပွားရေးက စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီးတော့ မိသားစု လေးယောက်ရှိပါတယ်။ တရုတ်အမျိုးသားရယ်၊ သူ့အမေရယ်၊ သူ့ညီမနှစ်ယောက် ရှိပါတယ်။

“အိမ်အလုပ်တွေ ပိုင်းလုပ်ရတယ်။ တစ်ခါတလေ အရိုက်ခံရတယ်” လို့ မအေးအေးသက်က ပြောပါတယ်။

တစ်ပတ်လောက်အကြာမှာတော့ အဲဒီအိမ်က ထွက်ပြေးဖို့ မအေးအေးသက် ကြိုးစားပါပြီ။ အိမ်က သုံးထပ်အမြင့်ရှိတဲ့ အတွက်ကြောင့် အိမ်ပေါ်ကနေ ခုန်ချ လိုက်ပါတယ်။ မြေပြင်ပေါ်ကို ရောက်တဲ့ အချိန်မှာတော့ မအေးအေးသက် တစ်ယောက် မထနိုင်တော့ပါဘူး။ အဲဒီအချိန်မှာ တရုတ်အမျိုးသားရဲ့ အမေက တွေ့သွားပြီးတော့ ပြန်လည် ဖမ်းဆီးခြင်း ခံခဲ့ရပါတယ်။

“အဲဒီနောက်ပိုင်း သူတို့ဆက်ဆံတာက ပိုဆိုးလာတယ်။ လေး ငါး ရက်လောက် နေတော့ မြင့်မြင့်ကို ခေါ်ပြီး ကျွန်မကို ပြန်ထည့်ပေးလိုက်တယ်။ အဲဒါနဲ့ မြင့်မြင့်ဆီ ပြန်ရောက်သွားတယ်” လို့ မအေးအေးသက်က ပြောပါတယ်။

အဲဒီအိမ်မှာ နေခဲ့ရတာ နှစ်ပတ်မပြည့်ခဲ့ဘူးလို့ မအေးအေးသက်က ဆိုပါတယ်။ တရုတ်မယား အဖြစ် ရောင်းစားခြင်းခံရတဲ့ မအေးအေးသက်အတွက် မုန်တိုင်းပြီး သွားပြီလို့ ထင်ရပေမယ့် တကယ်တော့ မပြီးသေးပါဘူး။

မြင့်မြင့်ဆီကို ပြန်ရောက်သွားတဲ့ မအေးအေးသက်တစ်ယောက် နောက်ထပ် အမျိုးသားတစ်ဦးဆီကို ရောက်ရှိသွားပြန်ပါပြီ။

"နင်ပြန်လည်း နင့်ကို တရုတ်ရဲက ဖမ်းမယ်ဆိုတဲ့ စကားပဲပြောတယ်။ ကိုယ်ကလည်း ဘယ်နေရာ ရောက်လို့ ရောက်မှန်းလည်း မသိဘူး။ ဘယ်မှလည်း မသွားတတ်ဘူး" လို့ မအေးအေးသက်က ဆိုပါတယ်။

ဒုတိယအကြိမ် ရောက်ရှိခဲ့တဲ့ နေရာကတော့ တရုတ်ပြည်က ကန်ဟုဆွေလို့ ခေါ်တဲ့မြို့လေး ဖြစ်ပါတယ်။ အဲဒီနေရာကလည်း မြို့လို့ ခေါ်ပေမယ့် ကျေးလက်ရွာအဆင့်ပဲ ဖြစ်ပါတယ်။

အဲဒီက တရုတ်အမျိုးသားရဲ့ နာမည်က ရှုရှီးလို့ ခေါ်ပြီး သူ့မှာတော့ တရုတ်လူမျိုး အဖေနဲ့အမေပဲ ရှိပါတယ်။

သူတို့ဆီမှာက အိမ်အလုပ်တွေ လုပ်ရတဲ့အပြင် စီးပွားရေး လုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ် ငန်းတွေမှာ လုပ်ကိုင်ပေးရပါတယ်။

မွေးမြူရေးလုပ်ငန်းတွေကတော့ ဝက်မွေးမြူရေးနဲ့ ဆိတ်မွေးထားပြီးတော့ စိုက်ပျိုး ရေးကတော့ ပန်းသီး၊ ပြောင်းဖူးတွေ စိုက်ပျိုးတယ်လို့ သူမက ဆိုပါတယ်။

"အဲဒီမှာက မနက် ၈ နာရီ လောက်ကို ခြံထဲဆင်းရတယ်။ နေ့လယ်လောက် ပြန်တက်။ ပြီးရင်ခြံထဲပြန်ဆင်း ၅ နာရီလောက် ပြန်တက်ရတယ်" လို့ မအေးအေးသက်က ဆိုပါတယ်။

စားသောက်ရတာကတော့ ထမင်းအစား ဂျုံနဲ့လုပ်ထားတဲ့ မန်ထိုပေါက်စီနဲ့ ဂျုံဖျော် ရည်ဆိုတာတွေ စားရပြီးတော့ ထမင်းကိုတော့ တစ်ခါတစ်ရံမှ စားရ ပါတယ်။

အဲဒီအိမ်ကို ရောက်တဲ့အချိန်မှာတော့ လွတ်မြောက်ဖို့အတွက် မအေးအေးသက် တစ်ယောက် ပြန်ကြိုးစားပါပြီ။ သူ့မှာ ရန်ကုန်ကပါလာတဲ့ ဖုန်းတစ်လုံးပဲရှိပါတယ်။ အဲဒီဖုန်းကလည်း ဓာတ်ခဲထည့်လို့ မရပါဘူး။

"အဲဒီဖုန်းရှိတာကို ဘယ်သူမှ မသိဘူး။ အဲဒီဖုန်းက ကျွန်မကို ကယ်လိုက်တာ" လို့ မအေးအေးသက်က ဆိုပါတယ်။

ပထမရောက်ရှိသွားတဲ့ တရုတ်အိမ်မှာတုန်းက ဖုန်းကိုအသုံးပြုဖို့ ကြိုးစားပေမယ့် လိုင်းမမိပါဘူး။ ဒုတိယအိမ်မှာတော့ လိုင်းမိပါတယ်။ အဲဒီဟာက သူ့အတွက် ကောက်ရိုး တစ်မျှင်ပါပဲ။

“လိုင်းကမမိတော့ ဘယ်လိုမှ လုပ်လို့မရဘူး။ ဒုတိယအိမ်ကတော့ လိုင်းမိတယ်။ ဒါပေမဲ့ ခက်တာက ဖုန်းဘက်ထရီက ထည့်လို့ မရတာဘဲ” လို့ နောက်ကျော ဖုန်းကာဘာ မရှိတဲ့ Samsung တံဆိပ် ဖုန်းလေး ကို ကိုင်ပြီး ပြောပါတယ်။

ဖုန်းကာဘာမရှိတဲ့အတွက်ကြောင့် ဘက်ထရီက ပြန်ပြုတ်ကျနေလို့ ဖုန်းကို အသုံးပြုတဲ့အခါမှာ တစ်သျှူးစ ထိုးထည့်ပြီး သုံးခဲ့ရတာလို့ မအေးအေး သက်က ပြောပါတယ်။

သူပထမဆုံး အဆက်အသွယ် ရတာကတော့ အမေဖြစ်သူနဲ့ပဲ ဖြစ်ပါတယ်။ Viber မှတစ်ဆင့် အဆက် အသွယ် ပြန်ရတာပဲ ဖြစ်ပါတယ်။ သူ့မိသားစုအနေနဲ့ မအေးအေးသက်တစ်ယောက် တရုတ်မှာ အလုပ်သွား လုပ်နေတယ်လို့ ထင်နေတဲ့အချိန်မှာ သူမက ရောင်းစားခံလိုက်ရတာပဲ ဖြစ်ပါတယ်။

“ အမေနဲ့ စကားစပြောရတော့ မျက်ရည်တောင် ကျတယ်။ ဘာမှ မပြောနိုင်ဘူး။ စာလည်း ရိုက်လို့ မရဘူး”  လို့ မအေးအေးသက်က ဆိုပါတယ်။

သူတရုတ်ပြည်ကို ရောက်ရှိပြီး သုံးလအကြာမှာ မြန်မာနိုင်ငံက မိသားစုဝင်တွေနဲ့ ပထမဆုံးအကြိမ် အဆက်အသွယ် ပြန်ရခြင်းပဲဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် လူကုန်ကူးမှု လုပ်ငန်းတွေကို တိုက်ဖျက်နေတဲ့ အရပ်ဘက် အဖွဲ့ အစည်းတွေက တစ်ဆင့် မြန်မာနိုင်ငံကို ပြန်နိုင်ဖို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။

“လစ်မယ့်အချိန်ကို စောင့်နေရတယ်။ လစ်တာနဲ့ Viber ကနေ ပြောတယ်။ နောက်တစ်ခုက We Chat နဲ့ ပြောရတယ်။ တစ်ခုမဟုတ် တစ်ခု အဆင်ပြေတာနဲ့ ပြောရတယ်” လို့ မအေးအေးသက်က ဆိုပါတယ်။

ရန်ကုန်မှာ နေတုန်းက နည်းပညာအသုံးပြုတာကို အနည်းငယ် တတ်မြောက်ထားတဲ့ မအေးအေး သက်အတွက် ကံကောင်းခြင်းတစ်ခုပဲ ဖြစ်ပါတယ်။

“ဒီဖုန်းအစုတ်လေး ရှိတာကို ဘယ်သူမှ မသိဘူးလေ။ ဖုန်းကို အားခိုးသွင်းရတယ်။ ခြံထဲမဆင်းရတဲ့ နေ့တွေဆို ဖုန်းအားသွင်းဖို့ လုပ်ရတယ်” လို့ မအေးအေးသက်က ဆိုပါတယ်။

"သူ့မိသားစုတွေလာပြောတာနဲ့ လူကုန်တားက ရဲမှူးတစ်ယောက်ဆီကို လှမ်းချိတ်တယ်။ သူ့ဘက်ကလည်း အကူအညီပေးတယ်။ ဘာလိုအပ်တယ် ဆိုတာကို ကျွန်တော်တို့က လှမ်းပြောပေါ့။ သူနေတဲ့နေရာမှာ ဘာရှိလဲ။ လိပ်စာ လည်း မသိရဘူး။ သူနဲ့ ဆက်သွယ်လို့ရတာ Viber က တစ်ဆင့်ပဲ ပြောလို့ ရတယ်" လို့ လူ ကုန်ကူးခြင်းခံရသည့် မအေးအေးသက်အား ကူညီခဲ့သည့် ထိုင်း ရောက် မြန်မာနိုင်ငံသား အရေး လှုပ်ရှားသူ ဦးကျော်သောင်းက ပြောပါတယ်။

မအေးအေးသက်ရဲ့ မိသားစု က လှိုင်သာယာမှာရှိတဲ့ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးလုပ်ငန်းနဲ့ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) အတွင်း ရေးမှူး ဦးသန်းဆင့်နဲ့ ဦးကျော်သောင်းတို့က လူကုန်ကူးမှု တားဆီး ကာကွယ်ရေး အသင်းက တာဝန်ရှိသူတွေကို ချိတ်ဆက်လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။

မအေးအေးသက်ကို ပြန်ခေါ်နိုင်ဖို့ ပထမဆုံးလုပ်ဆောင်ရတဲ့ အရာကတော့ သူ့ရဲ့နေရပ်လိပ်စာကို သိဖို့ အရေးကြီးပါတယ်။ အဲဒီလိပ်စာရဖို့အတွက်ကလည်း ဘာသာစကား အခက်အခဲရှိတဲ့ မအေးအေး သက်အတွက်ကတော့ မလွယ်ကူ လှပါဘူး။

"သူ့ကို ဘာလုပ်ခိုင်းရလဲဆိုတော့ အိမ်နားမှာ ကျောင်းရှိလား။ ထင်ရှားတဲ့ အမှတ်အသား ဘာရှိလဲ ဆိုတာကို မေးပြီး ဓာတ်ပုံရိုက်ခိုင်းရတယ်။ ပြီးတော့

အိမ်ထဲမှာ ဖိတ်စာလိုဟာ မျိုးရှိလား။ ရှိရင် အဲဒါကိုပို့ ခိုင်းရတယ်” လို့ ဦးကျော်သောင်းက ပြောပါတယ်။

အရေးကြီးတာ တစ်ခုကတော့ သူ့ကို ယူထားတဲ့ တရုတ်က ဘယ်သူလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ အဲဒီ လိုသိမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက် လုပ်ဆောင် နိုင်မှာပဲ ဖြစ်ပါတယ်။

“သူ့ကို ဓာတ်ပုံခိုးရိုက်တာတွေ၊ သူ့မှတ်ပုံတင်ကို ခိုးရိုက်ပြီး ပို့ပေးရတယ်။ အဲဒီတုန်းက လုပ်ရတာတွေ ကတော့ တစ်သက်မမေ့ဘူး။ လူလစ်တဲ့ အချိန်ကိုပဲ စောင့်နေရတာ။ သူများတွေ အိပ်နေတဲ့ အချိန်မှာတောင် လစ်မလား စောင့်ရတယ်" လို့ မအေးအေးသက်က ဆိုပါတယ်။

နှစ်နိုင်ငံ ချိတ်ဆက်ပြီးတဲ့အချိန်မှာတော့ မအေးအေးသက်ကို တရုတ် ရဲတပ်ဖွဲ့ဝင်တွေက သွားရောက်ခေါ် ဆောင်ပါတယ်။ ဒါပေမဲ့ မအေးအေးသက်က ပြန်ပါမလာခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက ပြန်မလိုက်ချင်ဘူးလို့ အမျိုးသားက တရုတ်ရဲတွေကို ပြောခဲ့လို့ ဖြစ်ပါတယ်။

“ မိသားစုနဲ့ လိုင်းပေါ်မှာ တွေ့တော့မှ အဲဒါကိုသိတာ။ သူတို့က ပြောတာက လာခေါ်လိမ့်မယ်ဆိုပြီး ပြောထားတာ။ လာခေါ်တာလည်း မတွေ့ဘူး။ တကယ်က

ကျွန်မထပ် အလိမ်ခံရတာ။ မိသားစုက ပြောတော့မှသိတယ်” လို့ မအေးအေးသက် က ဆိုပါတယ်။

အဲဒီလိုဖြစ်ပြီးတဲ့ နောက်ပိုင်းမှာတော့ တရုတ်အမျိုးသားက မအေးအေးသက်ကို အလစ်မပေးတော့ပါဘူး။ သတင်းပို့တဲ့ ဖုန်းကိုလည်း ရှာတွေ့သွားပြီးတော့ အထဲမှာ ရေးထားတဲ့စာတွေကို မြန်မာစကားနားလည်တဲ့ သူတွေကို ပြတာတွေ လုပ်လာတယ်လို့ မအေးအေးသက်က ပြောပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ မြန်မာအစိုးရ တာဝန်ရှိသူတွေနဲ့ တရုတ် အစိုးရ တာဝန်ရှိသူတွေအကြား ထပ်မံပူးပေါင်းဆောင်ရွက်မှုနဲ့ မအေးအေးသက်ကို တရုတ်ရဲတပ်ဖွဲ့တွေက လာခေါ်ပါတယ်။

“သူတို့ လာခေါ်တုန်းက ဘာမှပြန်မယူခဲ့ဘူး။ အဲဒီဖုန်းကိုပဲ ပြန်တောင်းလိုက်တယ်” လို့ မအေးအေးသက်က ပြောပါတယ်။

တရုတ်အမျိုးသား နှစ်ဦးထံကို နှစ်ကြိမ်ရောင်းစားခံရတဲ့ မအေးအေးသက်ဟာ သူတို့လက်ထဲမှာ လေးလနီးပါးလောက် နေခဲ့ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပြည်တော်ပြန် ခရီးက အဆင်မပြေသေးပါဘူး။ တရုတ်အကျဉ်းထောင်မှာ တစ်လနဲ့ ၁၉ ရက်တိတိ နေခဲ့ရပါသေးတယ်။

“ အိမ်ကလာခေါ်သွားပြီးတော့ အကျဉ်းထောင်ကို ပို့သေးတယ်။ အဲဒီမှာ စစ်ဆေးတာက တစ်လနဲ့ ၁၉ ရက်ကြာတယ်” လို့ မအေးအေးသက်က ပြောပါတယ်။

သူနောက်ဆုံးနေခဲ့ရတဲ့ ကန်ဟုဆွေလို့ ခေါ်တဲ့မြို့နဲ့ ရွှေလီမြို့က မော်တော်ယာဉ် စီးသွားရင် နှစ်ညနဲ့ သုံးရက် ကြာပါတယ်။ မအေးအေးသက်ကို အမျိုးသမီး ရဲမေတစ်ဦးနဲ့ အမျိုးသားတစ်ဦးက လိုက်ပို့တယ်။

“အိပ်တဲ့အချိန်တွေဆိုရင် သူတို့က ခုတင်တိုင်နဲ့ လက်ထိပ်ခတ်ထားတာ။ သူတို့က အပေါ်ကအိပ်။ ကိုယ်က အောက်မှာ အိပ်ရတာ” လို့ သူမက ဆိုပါတယ်။

ရွှေလီမြို့ကနေ မူဆယ်မြို့ကို ရောက်တဲ့အချိန်မှာတော့ သူမတင်းထားတဲ့ စိတ်တွေလျှော့ချ လိုက်ပါပြီ။ မူဆယ်မြို့မှာရှိတဲ့ ပြန်လည် လက်ခံရေးစခန်းမှာ ၁၈ ရက်ကျော်နေထိုင် အပြီးမှာတော့ နိုဝင်ဘာ ၁၄ ရက်မှာတော့ သူမအိမ်ကို ပြန်ရောက်ခဲ့ပါတယ်။

"မူဆယ်မှာ မိသားစုနဲ့ ဖုန်းပြောရတယ်။ ဘာစကားမှ မပြောနိုင်ဘူး" လို့ မအေးအေးသက်က ပြောပါတယ်။

မြန်မာနိုင်ငံက လူကုန်ကူးခံရတဲ့ အမျိုးသမီး အတော်များများက တရုတ်နိုင်ငံကို လူကုန်ကူးခြင်းခံနေရပါတယ်။ အကြောင်းရင်းအများစုကတော့ ဆင်းရဲမှုဒဏ်ကနေ ထွက်ပေါက်တစ်ခု အဖြစ်နဲ့ နယ်စပ်တွေမှာ သွားရောက် လုပ်ကိုင်ဖို့ သွေးဆောင် ခံရတာပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့လည်း ပညာပေး လုပ်ဆောင်တာတွေ လုပ်တယ်။ အခုဖြစ်စဉ်ဆိုရင် တော်တော် ခက်ခက်ခဲခဲနဲ့ လုပ်လိုက်ရတယ်။ ဒုတိယတစ်ခါ ပြန်သွားခေါ်ဖို့အတွက် တော်တော်လုပ်ယူလိုက်ရတယ်။ ဟိုဘက်က ဘာပြော လဲဆိုတော့ မင်းတို့လူက ပြန်မလာတော့ဘူးဆိုတာကိုပဲ ပြောနေတာ။ သူတို့နားလည်အောင် တော်တော်လုပ်ယူလိုက်ရတယ်" လို့ မအေးအေးသက် ပြန်လည်ရောက်ရှိဖို့အတွက် လုပ်ဆောင်ပေးခဲ့တဲ့ လိုင်သာယာမြို့နယ်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ ဦးသန်းဆင့်က ပြောပါတယ်။

မအေးအေးသက်အနေနဲ့ အိမ်ကိုပြန်လာတဲ့အချိန်မှာတော့ သူ့အတွက် အတော်ခက်ခဲတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ အဓိကစိုးရိမ်တဲ့အခြေခ အနေကတော့ မိသားစုက ဘယ်လို ဆက်ဆံမလဲဆိုတဲ့ ဟာပဲ ဖြစ်ပါတယ်။

ဖခင်ဖြစ်သူကတော့ ဆူပူကြိမ်းမောင်းတာကိုတော့ ခံခဲ့ရပေမယ့် မအေးအေးသက် အတွက် ဘာမှမဖြစ်ပါဘူး။ သူ့အတွက်ဆုံးမလမ်းညွှန်မှု လို့ပဲ သဘောထား ပါတယ်။

" ကျွန်မအတွက်ကတော့ သင်ခန်းစာ ကြီးကြီးမားမား ရလိုက်တာပါ။ အဲဒီ အကြောင်းတွေ ပြန်မပြော ချင်တော့ဘူး။ မိဘရင်ခွင်က အကောင်းဆုံး ဆိုတာကို သိလာတယ်။ ကျွန်မသမီးလေး အရွယ်ရောက်လာ ရင်တော့ ဒီလိုမကြုံ ရအောင် ကာကွယ်ရလိမ့်မယ်" လို့ မအေးအေးသက်က ဆိုပါတယ်။

တရုတ်ပြည်မှာ နှစ်ကြိမ်ဆက်တိုက် ရောင်းစားခံရခဲ့တဲ့ မအေးအေးသက် အတွက်တော့ ဒီအရာတွေက ပြန်မပြောချင်တဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။

"ကျွန်မအတွက်က ဒီဖုန်းလေးက ကျေးဇူးရှင်ပဲ။ ဟိုကနေ ပြန်လာတုန်း ကတောင် ဒီဖုန်းကို မရရအောင် သယ်ခဲ့တာ။ ကျွန်မအတွက် အမှတ်တရတွေ အများကြီးပဲ။ ဒီဖုန်းလေးက အခုသုံးလို့ မရတော့ဘူး။ ဒါပေမဲ့ သိမ်းထားတယ်။ ကျွန်မကို ဒုတိယဘဝ ပြန်ပေးတာ ဒီဖုန်းလေးပဲ" လို့ မအေးအေးသက်က ပြောဆိုရင်း နောက်ဖုံးလေးမရှိတော့တဲ့ ဖုန်းလေးကို အိတ်ထဲထည့်လိုက်ပါတယ်။

မအေးအေးသက်ကို တရုတ်နိုင်ငံကို ရောင်းစားခဲ့တဲ့ တရားခံ နိုင်လင်းဆိုသူနဲ့ တရုတ်နိုင်ငံမှာ လူကုန်ကူးနေတဲ့ မြင့်မြင့်ဆိုသူတွကေတော့ အခုချိန်အထိ

လွတ်မြောက်နေဆဲပဲ ဖြစ်နေပေမယ့် မအေးအေးသက်ကတော့ ဘဝကို ပြန်စနိုင်ဖို့ တော်တော်ကြိုးစားရဦးမှာ ဖြစ်ပါတယ်။

"အားတော့ တော်တော်ယူ ရဦးမယ်။ အခုအထိ အိမ်ထဲက မထွက်ရဲသေးဘူး" လို့ မအေးအေးသက်က ဆိုပါတယ်။

(ယခုဆောင်းပါးတွင် အမှန်တကယ်လူကုန်ကူးခံခဲ့ရသည့် အမျိုးသမီး၏ အမည်အား ပြောင်းလဲ ထားပါသည်။)

Credit - ဇော်မင်းနိုင် (Eleven Media)